တာတိုင်ကျေးရွာ
တာတိုင်ကျေးရွာအုပ်စု၊ ရေဦးမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ တာတိုင်ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေဦးမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

မတ်လ၊ ၂၀၁၉

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

တာတိုင်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်တာတိုင် ကျေးရွာအုပ်စု၊ ရေဦးမြို့နယ်အနောက်ဘက်၊ ဇေယျဝတီ–တာတိုင်–အင်းကြီးဆက်သွယ်ဖောက် လုပ်ထားသောလမ်းပေါ် တွင် တည်ရှိပါသည်။ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီးမိုးတွင်းကာလ မိုးများချိန်တွင်ကျေးရွာအလယ် လမ်းမှာနိမ့်နေသောသဲလမ်းဖြစ်နေသည့်အတွက်သွားလာရေး ခက်ခဲပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၃၀)ခန့် ရရှိသည်။မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၆၃၈)ဧက၊ ယာမြေ(၃၈၂)ဧကနှင့် ဥယျာဉ်ခြံ/စားကျက်မြေ(၁၂)ဧက၊ပလပ်မြေ(၂၄)ဧက ရှိပြီးမိုးစပါးနှင့် မြေပဲတို့ကို သာ စိုက်ပျိုးနိုင် ကြသည်။ ကျေးရွာအနီးတွင်ဆည်မှမြောင်းလက်တန်ရှိသောကြောင့် ရေတင်စက်များ အသုံးပြု၍ ရေသွင်းစိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင် နိုင်သည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်း ဆောင်ရွက်ကြပါသည်။အမျိုးသမီး/သားလူငယ်အဖွဲ့၊ချက်ပြုတ်ရေး**အဖွဲ့**၊ဘုန်းတော်ကြီး ကျောင်းဂေါပကအဖွဲ့၊ မီးလင်းရေးအဖွဲ့တို့ဖြစ်သည်။မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှာဆောင်ရွက်မှုကောင်းမွန်ပြီးကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့်ကျန်းမာရေးဝန်ထမ်းရှိကြောင်း တွေ့ရပါ သည်။ ကျေးရွာလူငယ် အဖွဲ့သည် ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုဝိုင်းဝန်း ဆောင်ရွက်ပါသည်။ ကျေးရွာတွင် သာရေးနာရေးလူမှုရေးကိစ္စကြီး ငယ်ပေါ်ပေါက်လျင်ရွာသားများစည်းလုံးညီညွတ်စွာဝိုင်းဝန်းဆောင်ရွက်သောအလေ့အကျင့်ကောင်းများရှိပါ သည်။ ပြင်ပမှအသေးစားချေးငွေအဖွဲ့များနှင့်အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသောကျေးရွာအဖွဲ့ မရှိပါ။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသောအဖွဲ့အစည်းများကအားကောင်းကြပြီးကျေးရွာဖွံ့ဖြိုးရေးကိုစီမံကိန်းချ၍ရေရှည်ဆောင်ရွက် နိုင်မည့် အဖွဲ့အစည်းစနစ်ဆောင်ရွက်ခြင်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။မိုးရာသီတွင်သာ မိုးစပါး စိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး ဖြစ်၍ မိုးရာသီတွင် မိုးစပါးနှင့် ဆောင်းရာသီတွင်လည်း ဆောင်သီးနှံများ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် မိုးစပါး စိုက်ပျိုးလယ်ကွက်များ

ပေါ်တွင်နှမ်းနှင့်မြေပဲကိုလည်းသီးထပ်အဖြစ်စိုက်ပျိုးကြသည်။နှစ်စဉ်ကျေးရွာမှမိုးစပါးတင်းရေ(၆၀၀၀၀)၊ မြေပဲတင်းရေ(၁၂၀၀၀)၊ခန့်ထွက်ရှိသည်။စပါးအထွက်နှုန်းမှာသွင်းအားစုပြည့်စုံစွာထည့်သွင်းပါ(၄၀) တင်း သာထွက်ရှိပြီး မိုးစပါးကိုဇူလိုင်၊ သြဂုတ်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလ တွင် ရိတ်သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကေပျမ်းမျှ (၃၀)တင်း ဖြစ်သည်။

စပါးနှင့်မြေပဲစိုက်ပျိုးသောကြောင့်ဈေးကောင်းရ၍စိုက်ပျိုးသည့်လယ်သမားများမှာအကျိုးအမြတ်များစွာရရှိပါသည်။မိရိုးဖလာစိုက်ပျိုးလာသောဖော်ပြပါသီးနှံများကိုသာစိုက်ပျိုးနိုင်ကြပြီးအခြားဈေးကွက်ဝင်သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိ သော်လည်း သီးနှံထုတ်လုပ်မှုမှ ဝင်ငွေကောင်း သည့်အတွက် လူငယ်များသည် ပြင်ပသို့ ထွက်၍ ဝင်ငွေရှာကြခြင်းမရှိပါ။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာနှင့်ပေ(၁၀၀)ခန့်ဝေးသောနေရာတွင်အလယ်တန်းစာသင်ကျောင်းရှိပြီးကျေးရွာနှင့်(၅)မိုင်ခန့်ဝေးသောနေရာ တွင် ရှိသောရဲဦးမြို့တွင် သာအထက်တန်းရှိသည့်အတွက်သွာရောက်ကျောင်းတက်ရပါသည်၊ ကျန်းမာရေး စောင့်ရှောက်မှုအတွက်လည်း ရဲဦးမြို့သို့ လာရောက်ရပါသည်။

ကျေးရွာမီးလင်းရေးကော်မတီမှ ကျေးလက်ဦးစီးဌာနသို့ တင်လွှာက်ထားရရှိသောဆိုလာများကို သုံးစွဲနေရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများ အတွက်လိုအပ်သောချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေ ထုတ်ချေး ပြီး ပုံစံ(၇)များကိုအပေါင်ပေးထားရပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည်အခြေခံအရေး၊အဖတ်၊အတွက်တို့ကိုတတ်မြောက်ကြပြီးတက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်၊ယခုလက်ရှိမှာ**ကျေးရွာမူလတန်းလွန်ကျောင်းသို့တက်ရပါသည်။**

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု

မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊အလုပ်အကိုင်အထိုက်အလျောက်အဆင်ပြေခြင်း၊မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေး သူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများ အတွက် ကျန်းမာရေး စောင့်ရှောက်မှုကိုကျေးရွာရှိ ကျန်းမာရေးဌာနမှနှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည်နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ဆောင်းသီးနှံစိုက်ပျိုးခြင်း၊ ဓါတုဗေဒ ကွန်ပေါင်း မြေဩဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်နိုင်ခြင်း တို့ကြောင့်မြေဆီလွှာ ပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေး အတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင်အားနည်း သေးကြောင်း တွေ့ရှိရပါသည်။

(ဇ) ကျား – မ ရေးရာ

ကျား/မဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသားများကဦးဆောင် လေ့ရှိပြီး အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများ လုပ်ကိုင်ရသည့်အပြင် စိုက်ပျိုးရေး လုပ်ငန်း များတွင်လည်း ပါဝင်ဆောင်ရွက်ပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း ၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင် ကြသည်။ ဘာသာရေးအထိမ်းအမှတ်ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများ ကျင်းပခြင်း၊ ဘုန်းတော်ကြီး ကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့်တရားပွဲများကျင်းပခြင်း)အမျိုးသမီးများသည်အမျိုးသားနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင်အမျိုးသားများသည်အမျိုးသမီးများထက်လုပ်အားခ ပိုမိုရရှိကြသည်။ဒေသတွင်းအုပ် ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေ သေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာအတွင်းလမ်းအား(၁)မိုင်ခန့်အမာခံကျင်းခင်းခြင်းကိုပြည်သူထည့်ဝင်ငွေဖြင့်ကျေးလက်ဦးစီး နှင့်ချိတ်ဆက်၍ဆောင်ရွက်ပါမည်။	ပထမဦးစားပေး
၂	အခြေခံအဆောက်အဦ	ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့်ချိတ် ဆက်၍ တံတားဆောက်လုပ် ပေးရန် တောင်းခံသွားပါမည်။	ဒုတိယဦးစားပေး
၃	ပညာရေး	ကျေးလက်ဦးစီးဌာနမှပညာရေးဌာနသို့ဆက်လက်တင်ပြတောင်းခံပေး ရန်မျက်နှာကျက်(၂၅'x ၁၂၀') အခန်း(၁၂)ခန်းကန့်ရန် အုတ် တံခါးပြူတင်း(၁၀/၂၄)ခု	တတိယဦးစားပေး
၄	စိုက်ပျိုးရေး	ဆည်မြောင်းဦးစီးဌာနသို့ ရေဆိုး (၂)တံတားတင်ပြ တောင်းခံခြင်း	စတုတ္ထဦးစားပေး
၅			
၆			
၇			

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက်အထောက်အကူ ဖြစ်စေမည့် ပိုင်ဆိုင် နေသည်. အရင်းအနှီးများ /အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – သီးနှံ					
ရွာလယ်တံတား ပျက်စီးနေခြင်း	ထန်းလုံးတံတား ဖြစ်နေခြင်း	ရေစီးရေလာကောင်းမွန် လာပြီးရွာတွင်းလမ်းများ ရေကျော်ခြင်းများကင်း ဝေး၍သွားရေးလာရေး ကောင်းမွန်ခြင်း	ထန်းလုံးတံတား ဖြစ်သည့်အတွက် ကား များသွားလာ ရေး ခက်ခဲခြင်းနှင့် ရေ ထွက်လမ်းပိတ် ဆို့ခြင်း	ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန်	ဆည်မြောင်းဦးစီးဌာနသို့ ရေဆိုး (၂)တံတားတင်ပြ တောင်းခံခြင်း
ကဏ္ဍ –ကျန်းမာရေး					
စာသင်ကျောင်း ဆောင်အပြီးမ ဆောက် နိုင်ခြင်း	စာသင်ကျောင်းမျက် နှာကျက်နှင့်တံခါးရွက်နှင့်အ ခန်းကန့်ရန်လို အပ်ခြင်း	ကျောင်းသားများစနစ် တကျစာသင်နိုင်ခြင်း၊ ပညာရေးတိုးတက်ကောင်းမွန်လာခြင်း	စာသင်ကျောင်း အားကိုယ်ထူကိုယ် ထဆောက်လုပ်၍ အပြီးမသတ်နိုင် ခြင်း	ကျောင်းဆောင်အားပညာ ရေးဌာနသို့လွှဲပြောင်းပြီး ဖြစ်၍လိုအပ်ချက်အား ထပ်မံတောင်းခံရန်	ကျေးလက်ဦးစီးဌာနမှပညာေ းေဌာနသို့ဆက်လက်တင်ပြ တောင်းခံပေးရန်မျက်နှာကျ က်(၂၅'x ၁၂၀') အခန်း(၁၂) ခန်းကန့်ရန် အုတ် တံခါးပြုတင်း(၁၀/၂၄)ခု
ကဏ္ဍ–လမ်းတံတားလျှပ်စစ်					

ရွာတွင်းလမ်းမကောင်းခြင်း	မြေသားလမ်းဖြစ်သည့်အပြင်မိုးကြီးလျှင်ရေကျော်ခြင်း	ကျန်းမာရေး၊ပညာရေးနှင့် ပြည်သူလူထုသွားလာရေး အဆင်ပြေချောမွေ့သွားမည် ဖြစ်ပါသည်။	ငွေကြေးမတတ်နိုင်ခြင်း၊နည်းပညာပံ့ ပိုးမှုအားနည်းခြင်း	ကျေးလက်ဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များတင်ပြ၍ ရွာတွင်းလမ်းအား ဆောင်ရွက်ပါမည်။	ကျေးရွာအတွင်းလမ်းအား (၁)မိုင်ခန့်အမာခံကျင်းခင်းခြင်းကို ပြည်သူထည့်ဝင်ငွေဖြင့် ကျေးလက်ဦးစီးနှင့်ချိတ်ဆက်၍ ဆောင်ရွက်ပါမည်။
ကျေးရွာအုပ်စုချင်းဆက်တံတားမရှိခြင်း	ချောင်းဖြစ်နေသည့် အတွက်ရရှိသည့် အချိန်များတွင် သွားလာရခက်ခဲခြင်း	ပြည်သူများသွားလာရန်လွယ်ကူချောမွေ့လာပြီးလူမှု စီးပွားဘဝဖွံ့ဖြိုးလာပါမည်	တောင်ကျချောင်း ဖြစ်နေသည့်အ တွက် (၆)လခန့် သွားလာရန်ခက်ခဲခြင်း	ပေ(၆၀)တံတားတည် ဆောက်ပေးနိုင်ပါက ပညာရေး၊ကျန်းမာရေး၊ လူမှုစီးပွားရေးများ တိုးတက်လာနိုင်သည်	ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ တံတားဆောက်လုပ်ပေးရန် တောင်းခံသွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၆	၁၁	၂၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၄	၄၀	၈၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၄	၅၁	၁၀၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၇	၅၆	၁၁၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၅၃	၄၁၆	၇၆၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၃	၄၅	၆၈
စုစုပေါင်း		**၅၄၇**	**၆၁၉**	**၁၁၆၆**
စုစုပေါင်း အိမ်ထောင်စု		**၂၀၉**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။တာတိုင်ကျေးရွာတွင် အိမ်ထောင်စု(၂၀၉)မှ လူဦးရေ(၁၁၆၆) ရှိသည့် အနက် ရွာ၏(၃၀)ရာခိုင်နှုန်းမှာ အတန်းပညာသင်ကြားနေပါသည်။ ထို့ကြောင့် ပညာတတ်မှာ အလယ်အလတ် အဆင့်ရှိပြီး ရွာ၏(၅.၈)ရာခိုင်နှုန်းသည် သက်ကြီးရွယ်အိုများဖြစ်ကြောင်းနှင့် (၆၆)ရာခိုင်နှုန်းမှာ အလုပ်လုပ်ကိုင်သည့်သူများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၆၃၈	သင့်	အနည်းငယ်ရ	ဆည်ရေ တူးမြောင်း
ယာမြေ	၃၈၂	သင့်	မရ	မိုးရေ
ဥယျာဉ်ခြံမြေ	-	-	-	-

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	၁၂	သင့်	မရ	မိုးရွာမှ
ပလပ်မြေ	၂၄	သင့်	မရ	မိုးရွာမှ
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၁၀၅၆			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။မြေယာပိုင်ဆိုင်မှု အနည်းငယ်သာရှိသော ကျေးရွာဖြစ်ပါသည်။မြေယာအရင်းအမြစ်များကိုစနစ်တကျထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	နည်း	လွယ်
အခြားသဘာဝအရင်းအမြစ်	-	-
တိရစ္ဆာန်မျိုးစိတ်များ	-	-

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	-	-
ပျမ်းမျှအပူချိန် -	ပျမ်းမျှ မိုးရေချိန် -	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ဓါတ်သတ္တု သဘာဝ အရင်းအမြစ်များ စီးပွားဖြစ်ထုတ်ယူမှုမရှိပါ ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	ဓမ္မစကြံာ	၁☐ ☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေ ☐ စိုက်ပျိုးမွေးမြူရေ ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကလေးများအားလိမ္မာယဉ်ကျေးမှုရှိအောင်နေရာသီကျောင်းပိတ်ရက်တွင် ဘုန်းတော်ကြီး ကျောင်းမှ သင်ကြားပေးပါသည် ။
၂	ဂေါပက	၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ရွာ၏ဘာသာရေးအတွက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသောအဖွဲ့ဖြစ်ပါသည် ။
၃	ရပ်မိရပ်ဖ	၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ရွာ၏ကောင်းကျိုးများကို ဝိုင်းဝန်းဆောင်ရွက်ပေးနေ သောအဖွဲ့ဖြစ်ပါသည်။
၄	အမျိုးသား	၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐	ကျေးရွာ၏ သာရေးနာရေးအဖွဲ့များကို ဝိုင်းဝန်း

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
	အမျိုးသမီး		ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့် ကာကွယ်ရေး □	ဆောင်ရွက်ကူညီပေးသောအဖွဲ့ဖြစ်ပါသည်
၅	မီးသတ်	၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ မီးဘေးအန္တရာယ်များကို ကူညီစောင့်ရှောက်သောအဖွဲ့ဖြစ်ပါသည်
၆	မိခင်နှင့်ကေ ေး	၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေ □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ□ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကလေးနှင့် မွေးမိခင်များအား အထောက် အကူပြုလျှက်ရှိပါသည်။
၇		၁□ ၂□ ၃□	ပညာရေး□ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာအတွင်းရှိအဖွဲ့အစည်းများသည်လုပ်ငန်း ဆောင်တာများလုပ်ကိုင်ရာတွင် တညီတညွတ်ထဲ လုပ်ဆောင်ကြပါသည် ။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂.၅ကေအထက်	၂.၅ကေမှ၁၂.၅	၂.၅ကေအောက်	မြေယာမဲ့
အိမ်အခြေအနေ	နံကပ်ဖျဉ်(၂)ထပ်	ဖျဉ်(၁)ထပ်နှင့်သွပ်	ဖျဉ်(၁)ထပ် သွပ်ညှပ်	တဲအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	လယ်ထွန်စက်	ရေစုပ်စက်	လုပ်အား	နေ့စားလုပ်အား
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	အငှား/ကြာပန်းလုပ်	နေ့စားအလုပ်သမား
အိမ်ထောင်စု	၁၆	၁၁၂	၁၅	၂၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသော ကုန်ထုတ်လုပ်မှုဖြစ်သဖြင့် လုပ်အားရှားပါးခြင်း စက်မှုအင်အားကို အသုံးပြုရာတွင်လည်း ငွေကြေး မလုံလောက်မှုများရှိသဖြင့် အားနည်းချက်များရှိပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၆	၂၂%	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်(၁ ဟတ် တာထိ)	၃၅	၁၆.၇%	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ)	၄၂	၂၀.၁%	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား (၅ဟတ်တာထိ)	၂၀	၉၃.၅%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ကေအထက်(၅ဟတ်တာနှင့် အထက်)	၁၆	၇.၇%	တောင်သူကြီး

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၀၉	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။မြေယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုများရှိသော်၍ ဆင်းရဲ ချမ်းသာသူဦးရေအချိုးကွာခြားခြင်းရှိကြောင်းတွေ့ရပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
ဖဲ့ခ	၁၇၆	တင်း	၂၀	၄၀	၃၀	သင့်(ရာသီဥတုမမှန်သောကြောင့်)
မြေပဲ	၃၈၂	တင်း	၁၅	၄၀	၂၇	သင့်(တိရိစ္ဆာန်များဖျက်ဆီးမှု)

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးလုပ်ငန်းတွင် သွင်းအားစုများ များစွာသုံးစွဲနေရပြီး ရောင်းချရာတွင် သီးနှံစျေးနှုန်းများမကောင်းသဖြင့် အဆင်မပြေမှုများစွာ ကြုံတွေ့နေရပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
နွား	၁၃၀	၆၃၈
နို့စားနွား	-	-
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	၁	၆၀
သိုး	-	-
ဝက်	၃	၆
ကြက်	၂၀	၁၂၀
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မွေးမြူရေးလုပ်ငန်းတွင် စားကျက်မြေလုံလောက်မှုမရှိခြင်း။ ရာသီအလိုက် ရောဂါကျရောက်မှုများ ကာကွယ်နိုင်မှုနည်းပါးခြင်း။ ထို့ကြောင့် ဝင်ငွေရရှိမှုမှာ အနည်းငယ်သာ ဖြစ်ပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း		ကပ-၁ လသ-၂		
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး		လသ-၁		နိမ့် လစား
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး				
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				

၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရေ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းနေထိုင်ကြသည့် အိမ်ထောင်စုများသည် စိုက်ပျိုးရေးကို အခြေခံထားသဖြင့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေရရှိခြင်းသည် အနည်းငယ်မျှသာဖြစ်ပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	တင်းတိန်ရံကျေးရွာ	ရေဦးမြို့ မြို့မဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ဆိုင်ကယ်☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာနှင့် အနည်းငယ်ဝေးသော တင်းတိမ်ရံကျေးရွာသို့ စိုက်ပျိုးရေးထုတ်ကုန်များ သွားရောက်ရောင်းချရပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁□ ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ □	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□ ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ □	ပွင့်လင်းရာသီ□ တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁□ ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ □	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် □ ၅-၁၀မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅ လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း/အပြင်လမ်းပန်းဆက်သွယ်ရေးမှာ မြေသားလမ်း ပိုင်းသာဖြစ်သဖြင့် ရာသီမရွေးအသုံးပြုရန်အခက်အခဲများနှင့်ကြုံတွေ့နေရပါသည်။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ □	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာပတ်ဝန်းကျင်တွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၃၀	၁၅၀	၃	၁	-	-	၁၈၀

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးသီးနှံများနှင့် ထုတ်ကုန်များကို ကျေးရွာအတွင်းရှိ ဆိုင်ကယ်များဖြင့်လည်းကောင်း နွားလှည်းများဖြင့်လည်းကောင်း သုံးဘီးများဖြင့်လည်းကောင်း သယ်ယူပို့ဆောင်ခြင်း ဖြစ်ပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	-
ဆိုလာစနစ်	၂၀၈
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	၁

ရင်းမြစ်	အိမ်ထောင်စု
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် (၂၄)နာရီ ဓါတ်အားလိုင်း မရှိသဖြင့်အိမ်ထောင်စုအများအပြားသုံးစွဲနိုင်ခြင်းမရှိပါ။ဆိုလာစနစ်ကိုသာ အသုံးပြုရပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၃၄၀	၅၆	၂၂

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆက်သွယ်ရေးဖုန်းများကို အသုံးပြုသောကြောင့်ဆက်သွယ်ရေးအဝိုင်းတွင် အသင့်အတင့် ခေတ်မှီပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၅၁	၅၇	၁၀၈
အလယ်တန်း	၄၁	၄၉	၉၀
အထက်တန်း	၂၂	၂၃	၄၅
တက္ကသိုလ်/ကောလိပ်	၉	၁၁	၂၀

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စု(၁၅)ဦးမှ သံဃာ(၁၅)ပါးသည် မန္တလေးစာသင်တိုက်တွင်

ပညာသင်ကြားလျှက်ရှိပါသည်။ တာတိုင်ကျေးရွာအုပ်စုအတွင်းရှိ အစိုးရအထက်တန်းကျောင်း မရှိပါ။လက်ရှိပညာသင်နေသောကျောင်းသားကျောင်းသူများသည် တာတိုင်ကျေးရွာ အခြေခံ မူလတန်းလွန်ကျောင်းတွင် တက်ရောက်သင်ယူနေပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွှန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွှန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွှန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*									
င။ အိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့်☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့်☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့်☐ ညံ့ ☐ မရှိ ☐		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၁	၅	၆						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။

။ကျေးရွာအဝင်တွင်စာသင်ကျောင်းရှိပြီးစာသင်ကျောင်းမှာကိုယ်ထူကိုယ်ထ(၂)ထပ် နံကပ်ကျောင်းဆောင်ဖြစ်ပါသည်ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ခြင်းမရှိသေးကြောင်းလေ့လာတွေ့ရှိရ ပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောခြင်း	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☐
၂	သွေးလွန်တုပ်ကွေး	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☐
၃	ငှက်ဖျား	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☐
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☐
၆	တီဘီ	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☐
၇	ဆီးချို	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☐
၈	သွေးတိုး	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☐
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☐
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ရာသီဥတုဖောက်ပြန်မှုကြောင့် ဝမ်းပျက်ဝမ်းလျှော

ရောဂါအဖြစ်များပါသည်။ရာသီဥတုနှင့်သက်ဆိုင်သော အဖျားရောဂါမှာ အနည်းငယ်ကျရောက်မှုရှိပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ		☒
၂	ဆုံဆို့၊ ကြောက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ		☒
၃	ပိုလီယိုရောဂါ		☒
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	☒	
၅	ဝက်သက်ရောဂါ		☒
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	☒	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	☒	
၈	အာဟာရ ပညာပေး အစီအစဉ်	☒	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးလက်ကျန်းမာရေးဌာနခွဲမှ နှစ်စဉ် ကာကွယ်ဆေးများ စနစ်တကျ ထိုးနှံပေးလျှက်ရှိပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☒ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☒ မရှိ ☐

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးလက်ကျန်းမာရေးဌာနမှ ဆရာမများမှာ အခမဲ့ (၂၄)နာရီ စောင့်ရှောက်မှုရှိပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း		ကောင်း☐ သင့်☐ ညံ့☐	လုံလောက် (ရာသီမရွေး)
အဝိစိတွင်း/စက်တပ်		ကောင်း☐ သင့်☐ ညံ့☐	-
အဝိစိတွင်း/တုံကင်		ကောင်း☐ သင့်☐ ညံ့☐	လုံလောက် (ရာသီမရွေး)
မိုးရေသိုလှောင်ကန်	-	ကောင်း☐ သင့်☐ ညံ့☐	-
မြစ်/ချောင်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	-
ရေကန်	-	ကောင်း☐ သင့်☐ ညံ့☐	-
စိမ့်စမ်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမ္မပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းရှိ လူနေအိမ်များတွင် တူးဖော်ထားသည့် ရေတွင်း အဝိစိရေတုံကင်များမှ ရာသီမရွေးသောက်သုံးရေကို ဖူလုံစွာရရှိပါသည်။ ရေအရင်းအမြစ် ရှားပါးမှု ပြဿနာနှင့် နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ရခြင်းမရှိပါ။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၈၀
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းရှိ အိမ်ထောင်စုတိုင်း ယင်လုံအိမ်သာများကို စနစ်တကျ သုံးစွဲကြပါသည်။ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက်သန့်လေးသန့်အစီအစဉ်ဖြင့်ဆောင်ရွက်ထားရှိမှုများလည်း လေ့လာတွေ့ရှိရပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	မရှိ-အကျက်အတည်းတစ်စုံတစ်ရာမတွေ့ရ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	ရှိ-လယ်ယာမြေပိုင်ဆိုင်မှုအနည်းဆုံး
၃	ရေကြီးခြင်း	မရှိ-အန္တရာယ်ကျရောက်သည့်အခြေအနေ
၄	မိုးခေါင်ခြင်း	ရှိ- နှစ်စဉ်နှစ်တိုင်းမဖြစ်ပါ
၅	အအေးလွန်ကဲခြင်း	မရှိ
၆	မုန်တိုင်း	မရှိ
၇	ငလျင်	ရှိ-အင်အားနည်းသည့်လှုပ်ခတ်မှု
၈	မီးဘေး	ရှိ-အနည်းငယ် ဆုံးရှုံးမှု
၉	ဆားငန်ရေဝင်မြေ	မရှိ-ပင်လယ်နှင့်အလွန်ကွာဝေးခြင်း
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	ရှိ-သားစဉ်မြေးဆက်အဆင့်ဆင့်စိုက်ပျိုး
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ
၁၂	၄က်ဖျားရောဂါ	ရှိ-အသက်အန္တရာယ်ဆုံးရှုံးမှုမရှိသော

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁၃	တီဘီရောဂါ	ရှိ-အသက်အန္တရာယ်ဆုံးရှုံးမှုမရှိသော
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	ရှိ-ကာကွယ်ဆေးစနစ်တကျထိုးနှံမှုအားနည်း
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ရာသီမရွေးလုပ်ငန်းဆောင်ရွက်ရာတွင်မြွေဆိုးအန္တရာယ်များမကြာခဏဆုံတွေ့ရလေ့ရှိပါသည်။ ရွာဗုကြီး ကျေးလက်ကျန်းမာရေးဌာနတွင်မြွေအဆိပ်ဖြေဆေးများကို အလွယ်တကူထားရှိခြင်းများအား စေတနာရှင် ပြည်သူများမှလှူဒါန်းထားပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	စိုက်ပျိုးရေးသုံးဆေးပစ္စည်းများစနစ်တကျသုံးစွဲမှုအားနည်း
အပင်မျိုးစိတ်များ	လတ်	ပေါင်းသတ်ဆေးများစနစ်တကျမသုံးစွဲခြင်း
ရေအရင်းအမြစ်	လတ်	ပိုးသတ်ဆေးစွန့်ပစ်ပစ္စည်းများစနစ်တကျမစွန့်ခြင်း
ငါးမျိုးကွဲများ	လတ်	အလွန်အကျွံဖမ်းဆီးခြင်း/ ရှော့ တိုက်ခြင်း
အခြားတိရစ္ဆာန်မျိုးကွဲများ	လတ်	အဆိပ်ချ ဖမ်းဆီးသဖြင့် စနစ်မကျခြင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနီးရှိ သဘာဝပတ်ဝန်းကျင်တွင် စိုက်/ထွေသုံး ပိုးသတ်ဆေးများ ရွေးချယ်ပေါင်းသတ်ဆေးများ အသီးအပွင့်ရွက်ဖျန်းဆေးများကို စနစ်တကျ မသုံးစွဲခြင်း စွန့်ပစ်ပစ္စည်းများကို စနစ်တကျ မစွန့်ပစ်ခြင်းများရှိပါသည်။ ထို့ကြောင့် အပင်နှင့် သတ္တဝါများ ပေါက်ရောက်ရှင်သန်နေထိုင်မှုကို ထိခိုက်စေနိုင်သည့်အန္တရာယ်များရှိပါသည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* ☐	*မရှိ* ☐
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* ☐	*မရှိ* ☐

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းနေထိုင်ကြသည့် အမျိုးသမီးအများစုသည် ကျေးရွာ ဖွံ့ဖြိုးရေး ဘာသာရေး လူမှုရေးများတွင် တစ်တပ်တစ်အားဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးခြင်း အားပေးကူညီခြင်းများ စသည်ဖြင့် အစဉ်အလာရှိသော လူစွမ်းအားအရင်းအမြစ်တစ်ခုအဖြစ် လက်ခံယုံကြည်ရကြောင်း လေ့လာတွေ့ရှိရပါသည်။